

# ရဲဘော်ဆေး

-(၁၅)နှစ်တောင်ရှိသွားပြီ....တုတ်ကြီးရေ
မင်းရဲ့....
မက်မက်စက်စက် ပွင့်လန်းလို့ကောင်းတဲ့အချိန်
သာမီတိုက်ရွာကြီးက
မင်းရှိရင်အားရှိတယ်
မင်းမလာရင်... တမေးမေး...တစမ်းစမ်းနဲ့
ကွမ်းထုပ်လေးအမြဲ ပေးတတ်တဲ့ရွာလေ...။

-မှိုင်းပြာပြာ ပျင်းစရာကောင်း
အထီးကျန် နွေအလယ်မှာ
ငါတို့...ကမ္ဘာမြေအတွက်
လာခြင်းကောင်းတဲ့သံစဉ်တွေရေး
စကားပြောလောကြီးတဲ့မင်း
ဘာတွေနဲ့ဘယ်လို
လဲလှယ်ခွင့် မပြုနိုင်
လှလိုက်တဲ့ ကတိစကားတွေ
မင်း မွေးဖွားပေးရက်နော်..။

-"ကျနော်က..ထင်ထားတာ သူ ရေလာပက်မယ်လို့
ရဲဘော်ကြီး တယောက်ကို သူက တစ်တစ်ရစ်ရစ် မလွတ်တမ်းပေါ့"
ပုံတောင် သူ မိသက်ထားကိုမှ
ခွင့်လွှတ်ခြင်းများစွာနဲ့
အဲဒီလောက်ချစ်ခဲ့တာပါတဲ့..။

-ဆရာကြီး ပီမိုးနင်း ရဲ့စကား
သူနဲ့ ငြင်းခုံကြသေး
"နိုင်ငံရေးဆိုတာ ညစ်ပတ်တတ်မှတဲ့"
-ဆိုးတူကောင်းဘက် ရဲဘော်တွေအတွက်
ဟာသနဲ့ တသက်လုံး အမှတ်ရသွားမယ့်
ဇဝဏ ဉာဏ်...သတိရတုန်း တုတ်ကြီးရေ..။

-ကျောက်ကြီးတောင်ရွာမ
ကျွန်းတောကုန်း ပုန်းတဲ
ညောင်ပင်တောင် ပုခက်တဲ
မဏ္ဍပ်တောင်ဘုရားပွဲ
မင်းကိုယ်တိုင် ကပြခဲ့တဲ့ဇာတ်
"လှသူတခါရောက်ဖို့ လှည့်စားထား
ကိုကြွေရေ...ရှုရှုတခါပေါက် ဆယ့်ငါးပြား ဆိုပဲ"
အကြောင်းမညီညွတ်လို့
ဘောင်းဘီ ချွတ်ရပါပြီ...ပြက်လုံး
ငါကြားချင်သေးတယ်....တုတ်ကြီးရေ...။

-တညသားမှာ
ငါ့ကျောကုန်းကို.. အံကြိတ်ထု
ပြန်အမှတ်ရမိတာတွေဟာ
မင်းကိုမေ့သွားအောင် လုပ်ခဲ့တာလား
မမေ့ဘူး....မင်းကိုချစ်တယ်
မင်းကို...လေးစားတယ်
မင်းကို....တန်ဖိုးထားတယ်
မင်းကို ကျဉ်တတောင့် မသင့်စေချင်ဘူး..။

-မင်းချစ်တဲ့ရွာ...မင်းပြည်သူက
ရဲဘော်ဆေး ရန်သူမိသွားပြီတဲ့
ရဲဘော်ဆေး သတ္တိရှိရှိပဲတဲ့
ရန်သူကိုတည်ငြိမ်စွာ တုန့်ပြန်တယ်တဲ့
ရန်သူဆီ ကွမ်းတရာ တောင်းစားရဲတယ်တဲ့...ပြီးတော့..
"ခင်ဗျားတို့ ကျုပ်ကိုမိပြီပဲ
ကျုပ် လူတွေကိုမေးစရာ မလိုဘူး
ခင်ဗျားတို့ လုပ်စရာရှိတာ ဆက်လုပ်ပါ"..။

-ခွပ်ဒေါင်းစိတ်.......ခွပ်ဒေါင်းသတ္တိ
ခွပ်ဒေါင်းဇာတိ တချက်ကလေးမညွှတ်ပြောင်း
တွေဝေမှု မရှိ....သေခြင်းတရားကို
ရဲရဲအာခံသူ..။

-ကွမ်းသီး လှီးတဲ့ ဓါးပြတ်ပြတ်နဲ့
ညောင်ဝါပင်ခြေရင်း
ဓါးတစင်းအောက်မှာ... အသက်ပျောက်သွားခဲ့
ရဲဘော်တုတ်ကြီးရေ.........
ငါ့ရင်ထဲ.....မေ့လို့ရနိုင်ရိုးလား........။

ကျဉ်ဝေဖြိုး

(၁၉၉၈၊ မတ်လ၊ ၁၃ ရက်နေ့တွင် ကျဆုံးသွားသော ကျောင်းသားတပ်မတော်မှ  ရဲဘော်ဆေး အတွက် ဂုဏ်ပြုကဗျာ)

ဖန်မီးအိမ်ကဗျာဝိုင်း။" တောထဲက ကဗျာ " စာအုပ်မှ ကူးယူဖေါ်ပြပါသည်။